# အသိအမှတ်ပြုခြင်းသည် -
# ကမ္ဘာ့ကုန်သွယ်မှုကို
# လွယ်ကူချောမွေ့စေသည်။



# တစ်ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအရေးကြီးခြင်းအကြောင်း

**အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဆိုသည်မှာ ရင်းနှီးမြုပ်နှံရန်ငွေလုံးငွေရင်း၊ လူသုံးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာနယ်နမိတ်များ သို့မဟုတ် နယ်မြေများကို ဖြတ်ကျော်၍ လဲလှယ်ခြင်းဖြစ်သည်။**

နိုင်ငံခြားတိုင်းပြည်များမှ တင်ပို့လာသည့် အမျိုးအမည် အရေအတွက် များလှသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ အပေါ်မူတည်ပြီး နှစ်သက်လက်ခံ သုံးစွဲခြင်းကို globalisation ဟုအမည်ပွါယ် ဖွင့်ဆိုထားသည်။ မိမိနိုင်ငံအတွင်းမှ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုသာ ရွေးချယ်၍ကန့်သတ်သုံးစွဲမည် ဆိုပါက တစ်ဦးတည်း ရှင်သန်နေထိုင်သကဲ့သို့ မဖြစ်နိုင်သော စိတ်ကူးယဉ်မှုသာ ဖြစ်ပေလိမ့်မည်။

ဒေါ်လာသန်းပေါင်းများစွာ ယခုအချိန်ထိ စီးဝင်လျက် ရှိနေသည်ကို ကမ္ဘာ့ကုန်သွယ်မှု အခြေပြဇယား၏ နှစ်စဉ် တိုးတက်မှုတွင် တွေ့မြင်ရပေမည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသည် တစ်နှစ်အတွင်းနိုင်ငံအများစု၏ အများအပြားဖြန့်ဖြူးသော ပြည်တွင်းထုတ်ကုန်တန်ဖိုးကို ကိုယ်စားပြုသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား ရင်းနှီး မြုပ်နှံရန်ငွေလုံးငွေရင်း၊ လူသုံးကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ပြောင်းလဲနေမှုကို ဆက်လက်ကူညီပံ့ပိုးပေးရန် အလွန် အရေးကြီးပါသည်။ သို့မှသာလူတစ်ဦးချင်း၏ နေထိုင်ရေး ကျန်းမာရေး အဆင်ပြေကောင်းမွန်နေမည်သာမက၊ ကမ္ဘာ့တဝှမ်းလုံးရှိ စီးပွားရေးအခြေအနေမှာလည်း ကောင်းမွန်လာစေမည်။



# မည်သည့်ကိစ္စရပ်များဖြစ်လာနိုင်မည်နည်း။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ကြီးထွားလာသည်နှင့်အမျှ နမူနာပစ္စည်းများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီမံခန့်ခွဲမှုစနစ်များ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာကဏ္ဍများ စသည့်အားလုံးသော ဈေးကွက်ကဏ္ဍများအား ဖြတ်ကျော် အသုံးပြုရန်အတွက် နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာတို့မှ ချမှတ်ထားသော မိမိဆန္ဒအလျောက်နှင့် မဖြစ်မနေ လိုက်နာရန် လိုအပ်သည့် နည်းပညာဆိုင်ရာနည်းဥပဒေ၊ စံချိန် စံညွှန်းများ၊ စမ်းသပ်စစ်ဆေးခြင်းများ၊ အရည်အသွေး စုံစမ်းစစ်ဆေးခြင်းများနှင့် အရည်အသွေး ထောက်ခံချက် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များစွာ ရှိပါသည်။

ယေဘူယျအားဖြင့် ယင်းလုပ်ငန်းစဉ်များ ချမှတ်ရခြင်းမှာ မည်သည့်မူလပင်ရင်းနိုင်ငံ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ကိုမဆို စားသုံးသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဥပဒေပြုမူလုပ်ဆောင်သူများနှင့် အခြားသော အဖွဲ့အစည်းများ၏ တရာဝင်လိုအပ်ချက်များဖြစ်သည့် အရည်အသွေးပြည့်မှီရေးနှင့် ဘေးအန္တရယ် ကင်းရှင်းရေး တို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။

လူတစ်ဦးချင်းတယောက်ချင်းနှင့်အဖွဲ့အစည်းများအတွက် သာမက နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေး အခြေအနေ ကောင်းမွန်လာစေရန်အတွက် ကမ္ဘာ့နှင့်အဝှမ်း တောင်းဆိုချက်များ ကို ဖြည့်ဆည်းပေးရာတွင် လူတစ်ဦးချင်း တစ်ယောက်ချင်း သို့မဟုတ် သဘာဝပါတ်ဝန်းကျင် ရှင်သန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့အတွက် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအား အပြည်ပြည်ဆိုင်ရာ နယ်နမိတ်များ ဖြတ်ကျော်ပို့ဆောင်ပေးနိုင်ရန် အလွန်အရေးကြီးပါသည်။

သို့သော် စီးပွားရေးစိန်ခေါ်မှုအခြေအနေများတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားနိုင်သည့် နည်းဥပဒေများနှင့် စံချိန် စံညွှန်းများသည် ကုန်ကျစရိတ် ကြီးမှုကြောင့် အတားအဆီးများ မဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် ပြည်တွင်းဈေးကွက် သို့မဟုတ် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် အခွင့်အလန်းများအတွက် နည်းပညာဆိုင်ရာ အတားအဆီး မဖြစ်စေရန် အရေးကြီးပါသည်။

ilac-MRA

MEMBER OF MULTILATERAL IAF RECOGNITION ARRANGEMENT

# အသိအမှတ်ပြုခြင်း၏ အခန်းကဏ္ဍမှာ အဘယ်သို့နည်း။

အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝ ကျွမ်းကျင်မှု၊ ယုံကြည်စိတ်ချရမှုနှင့်သမာသမတ်ရှိမှု၊ အသိအမှတ်ပြုခြင်းဖြင့် ဆုံးဖြတ်ပေး၍ အားလုံးသော ဈေးကွက်ကဏ္ဍများအား ဖြတ်ကျော်ပြီး အများပြည်သူ အကျိုးစီးပွားအတွက် လုပ်ဆောင်ပါသည်။ ယင်းအဖွဲ့အစည်းများသည် စမ်းသပ်စစ်ဆေးခြင်း၊ မှန်ကန်ကြောင်း သက်သေပြခြင်း၊ အရည်အသွေးစုံစမ်းစစ်ဆေးခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းများကို စံချိန်စံညွှန်းများနှင့်နည်းဥပဒေများနှင့်အညီ အရည်အသွေးကိုက်ညီမှုရှိကြောင်းကို စစ်ဆေးပေးသည့်အဖွဲ့များဖြစ်သည်။ အသိအမှတ်ပြုခြင်းသည် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစံချိန်စံညွှန်း များနှင့် အခြားလိုအပ်ချက်များနှင့်နှိုင်းယှဉ်ပြီး ပွင့်လင်းမြင်သာစွာ၊ဘက်လိုက်မှုမရှိပဲ အဆိုပါ အဖွဲ့အစည်းများကို အကဲဖြတ်စစ်ဆေးပေးသည့်လုပ်ငန်းစဉ်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀% ( နှစ်စဉ်အမေရိကန်ဒေါ်လာ ၄ ထရီလျံ )သည် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းအဆင့်အချို့တွင် ပါဝင်၍ ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် အဆိုပါကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများသည် အစိုးရအဖွဲ့အစည်းများနှင့်ဈေးကွက်များ၏ လိုအပ်ချက်များကို အတိအကျလိုက်နာကြောင်း သက်သေပြနိုင်သည့် အတွက် ဈေးကွက်တွင် တိုး၍ ယှဉ်ပြိုင်နိုင်ကြသည်။ အရည်အသွေး ကိုက်ညီမှု စစ်ဆေးခြင်းသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကိုလည်း လွယ်ကူချောမွေ့စေသည့်အပြင် စီးပွားရေးလုပ်ငန်းကြီးထွားမှု၊ အသေးစား နှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ အခွင့်အလမ်းများနှင့် စီးပွားရေး ဖွံ့ဖြိုးမှုစနစ်များ ရည်တူယှဉ်ပြိုင်ခွင့်ရစေမှုကိုလည်း အထောက်အကူပြုစေသည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (OECD)၊ ကုလသမဂ္ဂ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO) နှင့် ကမ္ဘာ့ဘဏ် တို့၏ သုသေသနပြုလုပ် ချက်အရ ဤအရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းများကို အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူညီချက်မူဘောင်အတွင်းမှ ဆောင်ရွက်မည် ဆိုပါက ဖွံ့ဖြိုးပြီး ကမ္ဘာ့ကုန်သွယ်မှု အပေါ် အကျိုးသက်ရောက်မှုများရှိ လာစေရန်နှင့် ဖွံ့ဖြိုးဆဲ စီးပွားရေး ကုန်သွယ်မှုအခွင့်အလမ်းများ ရရှိ လာနိုင်ပါသည်။ ကုလသမဂ္ဂဥရောပဒေသဆိုင်ရာ စီးပွားရေး ကော်မရှင် (UNECE)မှ နိုင်ငံ့အာဏာပိုင်အဖွဲ့အစည်းများသည် နည်းဥပဒေများကို အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် အသိအမှတ်ပြုခြင်းများကိုသာ အခြေခံ၍ ပြဋ္ဌာန်းရန် ကုန်သွယ်မှုဆိုင်ရာ အကြံပြုချက်များ ထုတ်ပြန် ထားပါသည်။ မည်သည့် စံချိန်စံညွှန်းများနှင့် အသိအမှတ်ပြုခြင်းများသည် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသော ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေသော ဦးတည်ချက်များ (SDGs)အောင်မြင်မှုရရှိ ရေးအတွက် အထောက်အကူ ပြုနိုင်ရန် လက်တွေ့ထင်ရှားစွာပြသနိုင်ကြောင်းကို UNIDO မှ သတင်းအချက်အလက်များ ထုတ်ပြန်ထားပါသည်။

အသိအမှတ်ပြုထားသောအရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းသည် ကမ္ဘာ့တစ်ဝှမ်းလုံး မှ လက်ခံထားသော နည်းဥပဒေများနှင့် စံချိန်စံညွှန်းများသည် စီးပွားရေးလုပ်ငန်းများကို တိတိကျကျ လိုက်နာနိုင်ရန် အကူအညီပေးသည့်အပြင် စီးပွားရေးယှဉ်ပြိုင်မှုတွင် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပြီး နိုင်ငံခြားဈေးကွက်များအပါအဝင် ဈေးကွက်သစ်များ ချဲ့ထွင်ရာ၌ လည်းအထောက်အကူဖြစ်စေသောထိရောက်သည့် အချက်တစ်ချက် ဖြစ်သည်။

ဤအချက်သည် ILAC မှ ဓါတ်ခွဲခန်းများနှင့် အရည်အသွေးစုံစမ်းစစ်ဆေးရေး အဖွဲ့များအား အသိအမှတ်ပြုခြင်းနှင့် IAF မှ စီမံခန့်ခွဲမှုစနစ်များ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ အသိအမှတ်ပြုခြင်း အတွက် မူလရည်ရွယ်ချက်ဖြစ်ပြီး ၎င်းတို့၏ အသိအမှတ်ပြုအဖွဲ့ဝင် အချင်းချင်း အသိအမှတ်ပြုခြင်းဆိုင်ရာစနစ်များလက်ခံနိုင်မှုနှင့် အပြန်အလှန် အကဲဖြတ်ဆန်းစစ်ခြင်းပေါ်အခြေခံ၍ နိုင်ငံပေါင်းစုံအပြန်အလှန် လက်ခံ အသိအမှတ်ပြုအစီစဉ်ကို ထူထောင်ရန်ဖြစ်သည်။

ဤနည်းအားဖြင့် ထုန်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို မိမိနိုင်ငံ နယ်နမိတ်ဖြတ်ကျော်၍ အခြားနိုင်ငံသို့တင်ပို့ရောင်းချသည့်အခါ ထပ်မံစမ်းသပ်စစ်ဆေးရခြင်း၊ အရည်အသွေးစုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အရည်အသွေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းများ ပြုလုပ်ရန် မလိုအပ်သည့်အတွက် ပိုမိုလွယ်ကူစေပါသည်။

1 မူရင်း OECD

2 ကြည့်ရှုရန် tab http://www.publicsectorassurance.org/topic-areas/trade/#research-

# အသိအမှတ်ပြုခြင်းကြောင့် မည်သို့သောအကျိုးကျေးဇူးများရရှိလာမည်နည်း။

## အာဏာပိုင်များနှင့် ဥပဒေပြုမှုလုပ်ဆောင်သူများအတွက်

အသိအမှတ်ပြုခြင်းဖြင့် အထောက်အပံ့ပေးထားသည့် အရည်အသွေး ကိုက်ညီမှုစစ်ဆေးခြင်း လုပ်ငန်းစဉ်များကို ယုံကြည်စိတ်ချမှုနှင့်အတူ စီးပွားရေး လုပ်ငန်းများတွင် ဗျူရိုကရေစီစနစ်၏ ချည်နှောင်မှုအချိန် သက်သာသွားစေပြီး နည်းဥပဒေများအား ပိုမိုပေါ့ပါးလွယ်ကူစွာ အနီးကပ်စောင့်ကြည့်ခြင်းကိုအထောက်အပံ့ပြုနိုင်ရန် စံချိန်စံညွှန်းများ အသုံးပြုနိုင်ပါသည်။

အမျိုးသားအဆင့်အသိအမှတ်ပြုအဖွဲ့များအကြား နိုင်ငံပေါင်းစုံ အပြန်အလှန် လက်ခံအသိအမှတ်ပြုမှုအစီအစဉ်သည် သဘောတူထားသည့် စံချိန်စံညွှန်း များနှင့် လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်ကြောင်းပြသရန်အတွက် အသိအမှတ်ပြုခြင်း၏ အပြည်ပြည်ဆိုင်ရာ လက်ခံအသိအမှတ်ပြုထားသော "အတည်ပြုတံဆိပ်" ကို အကူအညီဖြစ်စေသည်။ ဤအစီအစဉ်များသည် နှစ်နိုင်ငံအစိုးရနှင့် နိုင်ငံပေါင်းစုံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သဘောတူညီမှုများ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရနှင့် ဥပဒေပြုမှု လုပ်ဆောင်သူများ ကို ယုံကြည်မှုနှင့် ခိုင်မာသောမူဘောင်များ ချမှတ်ပေးသည်။

အစားအသောက်ကဏ္ဍတွင် ရရှိသောအကျိုးကျေးဇူးများကို သိသာထင်ရှားစေရန် လေ့လာတွေ့ရှိချက်များနှင့် သုတေသနပြုလုပ်ချက်များကို အများပြည်သူဆိုင်ရာ အာမခံချက် Public Sector-Assurance www.publicsectorassurance.org/topic-areas/trade website တွင် ကြည့်ရှုနိုင်ပါသည်။

## စားသုံးသူများအတွက်

အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုခြင်းသဘောတူညီချက်များသည် ဈေးကွက်တွင်ရရှိနိုင်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားများ ကျယ်ပြန့်တိုးပွားလာစေပြီး မူလပင်းရင်းနိုင်ငံအတွက် အရည်အသွေးပြည့်ဝရေး နှင့်ဘေးအန္တရာယ်ကင်းရေး သက်ဆိုင်ရာစံချိန်စံညွှန်းနှင့် ပြည့်မှီကြောင်း အာမခံမှုကို အထောက်အကူဖြစ်စေသည်။

## စီးပွားရေးလုပ်ငန်းများအတွက်

အသိအမှတ်ပြုထားသော အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းများမှ ပေါ်ထွက်လာသည့် ရလဒ်အဖြေများကိုကိုင်ဆောင်ထားသော စီးပွားရေး လုပ်ငန်းရှင်သည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ နည်းဥပဒေများ နှင့် ကိုက်ညီပြီး ယုံကြည်စိတ်ချရကြောင်း သက်သေပြနိုင်သည့်အတွက် ၎င်းတို့၏ပြိုင်ဖက်များနှင့်ကွဲပြားခြားနားနေမည်။

အသိအမှတ်ပြုခြင်းသည် အပြည်ပြည်ဆိုင်ရာမှ လက်ခံအသိအမှတ်ပြုထားသည့်အတွက် ပြည်ပဈေးကွက်များတွင် ပြည်တွင်းဈေးကွက်ကဲ့သို့ တန်းတူအခွင့်အလမ်းများ ရရှိလာနိုင်သည်။ အမှန်တကယ်အားဖြင့် ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ခုလုံး ၌ အဖွဲ့အစည်းအရေအတွက် တိုးပွားလာခြင်းသည် ကန်ထရိုက် စာချုပ်ရရှိရန် တင်ဒါခေါ်ယူရာ ၌ သီးခြားသတ်မှတ်ချက်ဖြစ်သည့်အသိအမှတ်ပြုထားသော စမ်းသပ်စစ်ဆေးခြင်း၊ အရည်အသွေးစုံစမ်း စစ်ဆေးခြင်း သို့မဟုတ် အရည်အသွေးထောက်ခံချက်လက်မှတ် ရရှိရန် ဖြစ်သည်။

အသိအမှတ်ပြုထားသောအရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းများသည်၊ စီးပွားရေးလုပ်ငန်းများတွင် ဗျူရိုကရေစီစနစ်ကို လျှော့ပါးသွားစေပြီး အချိန်နှင့်ငွေကြေးကုန်ဆုံးမှု နည်းပါးသွားသောကြောင့် လုပ်ငန်းဆောင်ရွက် နိုင်မှုစွမ်းရည် တဖက်တလမ်းမှ တိုးလာသည် သာမက၊ အရဲစွန့်လုပ်ရသည့် လုပ်ငန်းများစီမံခန့်ခွဲရာတွင်လည်းကောင်း၊ အဓိက ကျသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေသည်။ ဥပမာ အားဖြင့် ရလဒ်အဖြေများကို အခြေခံ၍ ပြည်တွင်းမှ ကုန်ပစ္စည်းတင်သွင်းသူများကို ရွေးချယ်နိုင်ခြင်း၊ တခြားနိုင်ငံမှသွင်းကုန်များကို ယုံကြည်ချက်အပြည့်ဖြင့် ဝယ်ယူ တင်သွင်းနိုင်ခြင်းတို့ဖြစ်သည်။ ဥပဒေကြောင်းအရ လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စများကိုလည်း ဝီရိယကြီးစွာဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်ပါသည်။

အသိအမှတ်ပြုထားသော အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း ၏ အကျိုးကျေးဇူးများ ကိုဖေါ်ပြထားသောလေ့လာတွေ့ရှိချက်များ ကို www.business-benefits.org website တွင် ကြည့်ရှုနိုင်ပါသည်။

## ILAC အကြောင်း

ILAC သည် ဓါတ်ခွဲခန်းနှင့် အရည်အသွေးစုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာလုပ်ပိုင်ခွင့်ရအဖွဲ့ ဖြစ်ပြီး ၎င်းသည်ကမ္ဘာ့တဝှမ်းရှိ အသိအမှတ်ပြုအဖွဲ့များနှင့် တွဲဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များပါဝင်သော အဖွဲ့အစည်း ဖြစ်ပါသည်။ ၎င်း၏ ဝဘ်ဆိုက် www.ilac.org တွင် ဓါတ်ခွဲခန်းနှင့် အရည်အသွေးစုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ သတင်း အချက်အလက်များ သာမက ကမ္ဘာ့တဝှမ်းရှိ ၎င်း၏အဖွဲ့ဝင်များ၏တည်နေရာကိုပါ ပံ့ပိုးပေးပါသည်။

ILAC သည် အခြားနိုင်ငံတွင် အသိအမှတ်ပြုထားသော အဖွဲ့အစည်း၏ ရလဒ်အဖြေများအပါအဝင် အသိအမှတ်ပြုထားသော ဓါတ်ခွဲခန်းနှင့် အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ ရလဒ်အဖြေ များကို အစိုးရနှင့်စက်မှုလုပ်ငန်းများမှ အသုံးပြုမှုနှင့် လက်ခံမှုတိုးမြှင့်လာစေရေးကို မြှင့်တင်ပေးပါသည်။

ILAC သည် များစွာသော အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် စိတ်ပါဝင်စားသူများကို ဦးတည်ချက်များ မျှဝေနိုင်ရန် ညှိနှိုင်းဆက်သွယ်ပေးပါသည်။

## IAF အကြောင်း

အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုဖိုရမ် (IAF) သည် အသိအမှတ်ပြုအဖွဲ့များ၊ အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ဆိုင်ရာအသင်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုစနစ်များ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လူပုဂ္ဂိုလ်များအပါအဝင် နယ်ပယ်ပေါင်းစုံရှိ အရည်အသွေး ကိုက်ညီမှုစစ်ဆေးခြင်း ဆောင်ရွက်နေသော အခြား အဖွဲ့အစည်းများပါဝင်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့ကြီးဖြစ်ပါသည်။

IAF သည် ၎င်းအဖွဲ့ဝင်အသိအမှတ်ပြုအဖွဲ့တစ်ဖွဲ့ မှ အသိအမှတ်ပြုထားသည့်အရည်အသွေးထောက်ခံချက်ထုတ်ပေးရေး အဖွဲ့မှ ထုတ်ပေးသော အရည်သွေးကိုက်ညီမှုထောက်ခံချက်ကို စိတ်ပါဝင်စားသူအားလုံးအတွက် ၎င်းတို့၏ ဆောင်ရွက်ချက် များနှင့်လုပ်ငန်းစဉ်များမှတစ်ဆင့်တန်ဖိုးပေါင်းစပ်နိုင်ရန် ရှာဖွေပေးပြီး ကမ္ဘာ့တဝှမ်းမှ လက်ခံမှုကို တိုးမြှင့်စေပါသည်။



**The ILAC Secretariat**
စာတိုက်သေတ္တာအမှတ် 7507 Silverwater
NSW 2128
ဩစတေးလျ

ဖုန်း : +612 9736 8374
အီးမေးလ် : ilac@nata.com.au

**www.ilac.org**

**The IAF Secretariat**
Elva Nilsen
28 Chemin Old Chelsea
စာတိုက်သေတ္တာအမှတ် 1811, Chelsea,
Quebec ကနေဒါ J9B 1A0

ဖုန်း : +1 (613) 454 8159
အီးမေးလ်: iaf@iaf.nu

**www.iaf.nu**

Translated from IAF/ILAC B5.01/2018